# Nebraska DHHS

## ဦးနှောက်ထိခိုက်ဒဏ်ရာရခြင်း (TBI) ဆိုင်ရာ ထောက်ပံ့မှု အကူအညီပေးခြင်း။

### TBI ထောက်ပံ့မှု အကူအညီပေးခြင်းဟူသည် အဘယ်နည်း။

TBI ထောက်ပံ့မှု အကူအညီပေးခြင်းသည် ဦးနှောက်ထိခိုက်ဒဏ်ရာရရှိထားကြောင်း စစ်ဆေးတွေ့ရှိရသည့် အသက် 18 နှစ်နှင့်အထက် သူနာပြု ပြုစုသောင့်ရှောက်မှုအတွက် အရည်အချင်းပြည့်မီပြီး ရပ်ရွာအတွင်းရှိ ဝန်ဆောင်မှုများကို ရယူလိုသော သူများအား အထူးပြုဝန်ဆောင်မှုများ ပေးဆောင်ပါသည်။
ထောက်ပံ့မှု အကူအညီပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများသည် ၎င်းတို့၏ TBI ကြောင့် ဆုံးရှုံးသွားသော ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို ပြန်လည်သင်ကြားရန် ရည်ရွယ်ပါသည်။



### ဘယ် TBI ထောက်ပံ့မှု အကူအညီပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုတွေ ရရှိနိုင်ပါသလဲ။



TBI ဝန်ဆောင်မှုတွင် ပါဝင်သည်များမှာ-

- အရွယ်ရောက်ပြီးသူဆိုင်ရာ နေ့ပိုင်းစောင့်ရှောက်မှု
- အထောက်အကူပြုနည်းပညာ
- ပြုစုစောင့်ရှောက်သူများဆိုင်ရာ လေ့ကျင့်မှု
- အိမ်မှုကိစ္စများ
- လူမှုပတ်ဝန်းကျင်နှင့် ချိတ်ဆက်ပေးမှုများ
- အဖော်အဖြစ်ဆောင်ရွက်ပေးခြင်း
- နေအိမ်ပြုပြင်မွမ်းမံခြင်း
- အိမ်အရောက် အစားအစာများပို့ဆောင်ပေးခြင်း
- ဆေးကုသမှုနှင့် သက်ဆိုင်ခြင်းမရှိသော သယ်ယူပို့ဆောင်ရေး
- တစ်ကိုယ်ရေ စောင့်ရှောက်မှု
- ကိုယ်ရေးကိုယ်တာဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုစနစ် (PERS)
- ရေတို စောင့်ရှောက်ပေးမှု
- ပံ့ပိုးထားသော အလုပ်အကိုင် -အဖွဲ့လိုက် လုပ်ဆောင်မှု
- ပံ့ပိုးထားသော အလုပ်အကိုင် -တစ်ဦးချင်း လုပ်ဆောင်မှု
- လူနေထိုင်မှုဆိုင်ရာ ပံ့ပိုးကူညီမှု
- ယာဉ်ပြုပြင်မွမ်းမံခြင်းများ



### TBI ပံ့ပိုးကူညီမှု အကူအညီအတွက် မည်သို့သောသူသည် အရည်အချင်းပြည့်မီသနည်း။

TBI ထောက်ပံ့မှု အကူအညီပေးခြင်းအတွက် အရည်အချင်းပြည့်မီရန်၊ ပါဝင်သူတစ်ဦးသည် အသက် 18 နှစ်နှင့်အထက် ဖြစ်ရပါမည်၊ Nebraska Medicaid အတွက် အရည်အချင်းပြည့်မီရပါမည်၊ ဦးနှောက်ထိခိုက်ဒဏ်ရာရရှိခြင်းဆိုင်ရာ ရောဂါရှာဖွေတွေ့ရှိထားမှု၊ * သူနာပြု ပြုစုစောင့်ရှောက်ရေးအတွက် စောင့်ရှောက်မှုအဆင့်နှင့် ကိုက်ညီပြီး ထောက်ပံ့မှု အကူအညီပေးခြင်းဆိုင်ရာဝန်ဆောင်မှုများ လိုအပ်သူဖြစ်ရပါမည်။

** ဤပရိုဂရမ်သည် လေဖြတ်ခြင်း၊ အကျိတ်များ သို့မဟုတ် အခြားသော ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရှိခြင်း အကြောင်းရင်းများကြောင့် ဦးနှောက်ထိခိုက်ဒဏ်ရာရရှိထားမှု မဟုတ်သောသူများအတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။*



### TBI ပံ့ပိုးကူညီမှု အကူအညီဆိုင်ရာ အချက်အလက်များ သို့မဟုတ် TBI ပံ့ပိုးကူညီမှု အကူအညီ လျှောက်ထားနိုင်သော နည်းလမ်းများအား မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်ပါသနည်း။

ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ဝဘ်စာမျက်နှာ https://dhhs.ne.gov/Pages/TBI-Services.aspxတွင် ဝင်ရောက်ကြည့်ရှုပါ။

လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များအတွက်၊
ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ ဝဘ်စာမျက်နှာ https://dhhs.ne.gov/Pages/DD-Eligibility.aspxတွင် ဝင်ရောက်ကြည့်ရှုပြီး "*TBI ထောက်ပံ့မှု အကူအညီပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် လျှောက်ထားခြင်း*" ကဏ္ဍသို့ ရွှေ့ပြီး လင့်ခ်ကို နှိပ်ပါ။

NEBRASKA
Good Life. Great Mission.
DEPT. OF HEALTH AND HUMAN SERVICES